အိမ်နိုင်း (*Oasis*)

# လွှများခြင်းအဆုံးသတ်တွင်

## ဒုတိယတွဲ



## အခန်း (၉ )

အချစ်တစ်ခုတည်းဖြင့် ရှုးရှုးမိုက်မိုက် ရှေ့ဆက်တိုးခဲ့လေသော သနားစရာ နွယ်ပင်တစ်ယောက် ခမျာမှာ တော့ အငြိုးကြီးလှသော သက်ထားစံနှင့် တဏှာ ဘီလူးစီးနေသော ကာမသားကောင်များ အောက်မှာ သူ၏ ရင်သွေးလေး နှင့် အတူပင် ဘဝတစ်ခုလုံး ကြေမွပျက်စီး သွားခဲ့ချေပြီ။

''မသက်ထား ဒီမိန်းကလေး သေသွားပြီထင်တယ် ... အသက်မရှူတော့ဘူး ... ဘယ်လိုလုပ်ရမလဲ ... ''

''ဒီခြံရဲ့ အနောက်ဘက်မှာ ချောင်းရှိတယ် ... နင်တို့ တွေ အဲ့ကောင်မ အလောင်းကို သယ်သွားပြီး ချောင်းထဲ ပစ်ချခဲ့လိုက်ကြ ... သေချာပိပိရိရိ ရှိကြပစေနော် ကြားလား ... ''

‘‘ဟုတ်ကဲ့ စိတ်ချပါ မသက်ထား ... ''

'' ဟိုသတိမေ့နေတဲ့ ကောင်ကိုတော့ သေချာစောင့်ကြည့်ပြီး... မြို့သစ်ဘက်က ငါဝယ်ထားတဲ့ ခြံအသစ်မှာ လောလောဆယ် သွားထားလိုက် ... နောက်မှ အခြေအနေကြည့်ပြီး ... အဲ့ကောင်နဲ့ ငါ စာရင်းရှင်းရမယ် ...... ''

***